ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာတိုင်ပေးတဲ့အခါမှာ ကျွန်ုပ်ဆိုပြီးတဲ့နောက် မိမိရဲ့အမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ "ကျွန်ုပ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၄၇၁၁ ဗိုလ်မှူးတင့်လွင်အေး သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အားလုံးထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၁.၂၈) ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဆေးကုသ။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ပြည်ပဆေးစစ်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ ကယား(၂)၊ ကျန်းမာရေး။ ဦးသန်းဆွေ၊ မကွေး(၇)၊ ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ နယ်မြေဖွံ့ဖြိုးရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်၊ တာဝန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ဆေးကုသမှု။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ငြိမ်းချမ်းရေးကိစ္စ။ ဦးပေါ်လျံလွင်၊ ချင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး ချမ်းသာကိုယ်စိတ်မြဲကြပါစေကြောင်း ဆုမွန်ခြွေနှုတ်ခွန်းဆက်ပါတယ်။ မိမိတို့ကိုယ်စားပြုတဲ့ ပြည်သူလူထုတို့ရဲ့ ပြည်သူ့အသံတွေကို လွှတ်တော်အတွင်းမှာ သယ်ဆောင်ပြီး ဆောင်ရွက်နိုင်ကြပါစေကြောင်းလည်း တိုက်တွန်းအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကယ်ဆယ်ရေး နှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ အမည်ပြောင်းလဲခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ အမည်ပြောင်းလဲခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်က ဖွဲ့စည်းတာဝန်ပေးထားသော ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ အစား ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေး ကော်မတီ ဟု အမည်ပြောင်းလဲသုံးစွဲခွင့်ပြုပါရန် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီအစား ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဟု အမည်ပြောင်းလဲ သုံးစွဲခွင့်ပြုရန် တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီအစား ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဟု အမည်ပြောင်းလဲသုံးစွဲခွင့်ပြုရန် တင်ပြချက်ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ သံတောင်မြို့ ပသီချောင်း ခန်းမဆောင်ကို ပြန်လည် ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ က ကရင်ပြည်နယ်၊ သံတောင်မြို့ ပသီချောင်း ခန်းမဆောင်ကို ပြန်လည် ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြု ဆက်သရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့ ယခင်မြို့နယ် ရုံးစိုက်ရာမြို့မှာ ပသီချောင်းခန်းမဆောင်ကို ၁၉၇၃ ခုနှစ် ကတည်းက ဆောက်လုပ်ခဲ့ပါတယ်။ အဆိုပါ ခန်းမဆောင်ကို ယခင်အစိုးရများ အဆင့်ဆင့် လက်ထက်မှာ နိုင်ငံတော်အကြီးအကဲများ၊ ပြည်နယ်အကြီးအကဲများ လာရောက်တဲ့အချိန်မှာ ပြည်သူများနဲ့ တွေ့ဆုံပွဲ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ပြုလုပ်ခြင်း၊ ကရင်တိုင်းရင်းသားများ ရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားများ ကျင်းပခြင်း စသည်တို့အတွက် အသုံးပြုခဲ့ရာ အင်မတန်ပဲ အသုံးဝင် တန်ဘိုးကြီးမားလှပါတယ်။ အဲဒီ အဆောက်အဦဟာ သက်တမ်းကြာပြီဖြစ်တဲ့အတွက် အမိုးအကာများ ဆွေးမြည့် ပျက်စီးကုန်ပါသဖြင့် အထက်ဖော်ပြပါ တွေ့ဆုံပွဲများ၊ အခမ်းအနားများ၊ အစည်းအဝေးများ ကျင်းပဖို့နေရာမရှိတော့ဘူး။ အထက်တန်းကျောင်း ခန်းမဆောင်ကိုသာ အသုံးပြုနေရပါတယ်။

သို့ဖြစ်ပါ၍ သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့ ပသီချောင်းခန်းမဆောင်ကြီးကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေဖြင့် ပြန်လည်ပြုပြင်ဆောက်လုပ်ပေးမယ့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူများရဲ့ ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ်မှ ဦးစောတော်ပလဲ မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်မှာရှိတဲ့ ပသီချောင်းခန်းမဆောင်ကို ပြန်လည်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်မှာရှိတဲ့ ပသီချောင်းခန်းမ (၈၀ ပေ x ၄၆ ပေ)အား ကွန်ကရစ် ကြမ်းခင်းနဲ့ အမိုးတို့ကို အကြီးစားမွမ်းမံပြင်ဆင်ရန် လိုအပ်တဲ့ ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း (၁၅၀)ခန့်ကို ၂၀၁၅-၂၀၁၆ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ပုံငွေ ခွဲဝေချထားရာမှာ တင်ပြတောင်းခံပြီးတော့ ပြုပြင်နိုင်ရေးအတွက်ကို စီမံဆောင်ရွက်ထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပညာရေးဝန်ကြီးဌာနမှ မူဘောင်တစ်ခုချမှတ်ပြီး သတ်မှတ်ပုံစံများအတိုင်း စံချိန်စံညွှန်းများနှင့်အညီ ပညာသင် ကျောင်းဆောင်များ ဆောက်လုပ်နိုင်ရန် တစ်နိုင်ငံလုံး တစ်ပြေးညီ ချမှတ်ပေးသော်လည်း စံချိန်စံညွှန်းကိုက်ညီမှုမရှိဘဲ မိမိသဘော အတိုင်း ဆောက်လုပ်သွားသည့် အဖွဲ့အစည်း၊ ကန်ထရိုက်နှင့် ကုမ္ပဏီများကို မည်သို့စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း က ပညာရေးဝန်ကြီးဌာနမှ မူဘောင်တစ်ခုချမှတ်ပြီး သတ်မှတ်ပုံစံများအတိုင်း စံချိန်စံညွှန်းများနှင့်အညီ ပညာသင် ကျောင်းဆောင်များ ဆောက်လုပ်နိုင်ရန် တစ်နိုင်ငံလုံး တစ်ပြေးညီ ချမှတ်ပေးသော်လည်း စံချိန်စံညွှန်းကိုက်ညီမှုမရှိဘဲ မိမိသဘောအတိုင်း ဆောက်လုပ်သွားသည့် အဖွဲ့အစည်း၊ ကန်ထရိုက်နှင့် ကုမ္ပဏီများကို မည်သို့စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူပုဂ္ဂိုလ်အပေါင်းများ အားလုံးကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် ဒီကနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကနေပြီး မူဘောင်တစ်ခုချမှတ်ပြီး သတ်မှတ်ပုံစံ

အတိုင်း စံချိန်စံညွှန်းနဲ့အညီ ပညာသင်ကျောင်းဆောင်များ ဆောက်လုပ်နိုင်ရန် တစ်နိုင်ငံလုံး တစ်ပြေးညီ ချမှတ်သော်လည်း စံချိန်စံညွှန်းကိုက်ညီမှု မရှိဘဲ မိမိသဘောအတိုင်း ဆောက်လုပ်သွားသည့် အဖွဲ့ အစည်းများ၊ ကန်ထရိုက်များ၊ ကုမ္ပဏီများကို မည်သို့စစ်ဆေး အရေးယူဆောင်ရွက်သွားမည် ကို သိလို၍ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုလိုကြယ်ပွင့်နဲ့ ကျွန်တော် မေးမြန်းရခြင်းက ကျွန်တော်နယ်မြေဖြစ်တဲ့ ဟိုပင်ဒေသနဲ့ အင်းတော်ကြီးဒေသကနေပြီး ပြည်သူများဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ ကျောင်းဆောင်များကို တကယ်ဆောက်လုပ်သွားတဲ့ ကုမ္ပဏီတွေက သတ်မှတ်တဲ့ စံချိန် စံညွှန်းအတိုင်းမဆောက်ဘဲ ဆောက်လုပ်သွားတာကို မကျေနပ်လို့ ကျွန်တော်ဆီကိုတင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ တင်ပြလာတဲ့ အပေါ်မှာ ဘယ်ကျောင်းတွေလဲဆိုတော့ ကျွန်တော်တို့ ဟိုပင်မြို့ပေါ်မှာ စက်ကုန်း အ.ထ.က (ခွဲ)၊ SS2(4) ကျောင်းဆောင်သစ်တစ်ဆောင်၊ အင်းတော်ကြီးဒေသ၊ လုံးတုံကျေးရွာအုပ်စု၊ ကုန်းမန အ.လ.က(ခွဲ) SS2(5) ကျောင်းဆောင်အတွက် အပြီးသတ်မှတ်ဖို့ရာ နောက် ထပ်ဆောင်းတဲ့ငွေ သိန်း(၂၂၀)ကျပ် ဆောက်လုပ်သွားတဲ့အပိုင်း၊ တစ်ခါ အင်းတော်ကြီးဒေသ ပ.လ အုပ်စု၊ ပလောစီမံကိန်း PS1(4) ထိုကျောင်းဆောင်သစ် ဆောက်လုပ်သွားတာကို လာရောက်စစ်ဆေးဖို့အထိ ကျွန်တော်ဆီကို တိုင်ကြားလာပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့လည်းပဲ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ လွှတ်တော်ကို တင်ပြပေး ပါ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အနေနဲ့ကတော့ ဒါ အားလုံး လွှတ်တော်ကို တင်ပြလာခြင်း ဖြစ်ပါတယ်။ အဲဒီတော့ လက်ဦးစွာ ကျွန်တော် ဟိုပင် စက်ကုန်း အ.ထ.က (ခွဲ) ဆောက်လုပ်သွားတဲ့ SS2(4) ကျောင်းဆောင်သစ်နဲ့ အကျိုးတော်ဆောင် မိဘပြည်သူများ တင်ပြ လာတဲ့အပေါ်မှာ ကျွန်တော့် Power Point တင်ခွင့်ပြုပါခင်ဗျား။ အဲဒီဟာကတော့ ကျွန်တော်တို့ Foundation ပါခင်ဗျား။ အဲဒီ ကျောင်းဆောင် SS2(4) ဟာ ဖွဲ့ဖို့တောဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျောင်းကော်မတီများကနေပြီးတော့မှ အကြံပြုတယ်၊ တောင်းဆိုတယ် ဒါပေမဲ့ ကုမ္ပဏီက လက်မခံဘူး၊ အဲဒီတော့ လက်မခံတဲ့အပြင်မှာ အဲဒီရဲ့ ကျင်တွယ်တိုင်မှာ စိုက်သွားတာက အုတ်ခုံအပေါ်မှာ စိုက် သွားတာဖြစ်ပါတယ်။ အဲဒါကို အောက်ကြမ်းခင်းတွေကို သူတို့ကနေပြီးတော့မှ အကြံဉာဏ်ပြုလို့မရတဲ့ အတွက်ကြောင့်လည်း အဲဒီဟာ ပထမအချက် တစ်ချက်ပါ။

အဲဒီတိုင်တွေကလည်းပဲ ခိုင်မာတဲ့ တိုင်မျိုးမဟုတ်သေးဘဲနဲ့ အောက်ခြေကိုလည်း မထိဘဲနဲ့ အဲဒီလို ဆောက်သွားတဲ့ပုံပါ။ ဒီဟာလည်းပဲ ဒီမှာ ကျင်တွယ်တိုင်နဲ့ အောက်ခြေခုံဟာ အများကြီးလွတ်နေ ပါတယ်။ အဲဒီတိုင်တွေကို အခုလိုပဲ မကောင်းတဲ့တိုင်တွေကို ဒီဟာထားပြီးတော့မှ ဆောက်ထားတဲ့ ကျောင်းဖြစ်ပါတယ်။ ဒီဟာက ခုနတုန်းကတိုင်ကို ဖာထေးပြီးတော့မှ အခုပြထားတဲ့ ပုံပါ။ အဲဒီမှာ ဆောက် သွားတဲ့တိုင်တွေကို ဒီမှာပဲ ကြည့်ပါ၊ အားလုံး။ မြင်တဲ့အတိုင်းပါပဲ။ အဲဒီဟာကတော့ ကျွန်တော်တို့ (၁၃") ယက်မ ကပ်ရမယ့်အစားကို သူက ထစ်ထားတဲ့ ဥစ္စာကတော့ (၁၀)ဒွန့်အတွက်ပဲ။ ဒါပေမဲ့ အဲဒီမှာ (၆"x ၃"x၄")နဲ့ ထည့်ပြီးတော့မှ ဆောက်သွားတယ်။ အဲဒီမှာ Gap Line လွတ်နေတဲ့သဘောပဲ အဲဒီဟာ ပြပါတယ်။ အဲဒီမှာ ဝလုံးကွက်ထားတဲ့ ဥစ္စာက ဒီအတိုင်းပဲ ဖြစ်ပါတယ်။ အဲဒီမှာ သုံးလိုက်တဲ့ ပျဉ်တွေ ကလည်းပဲ ဖြစ်ကတတ်ဆန်းပျဉ်တွေဆိုပြီးမှ အဲဒီမှာ ပြထားပါတယ်။ အဲဒီ မိချောင်းတုံး ဖြစ်ပါတယ်။ မိချောင်းတုံးက အနာရှိပြီးတော့မှ ဆေးသုတ်ထားတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ အဲဒါတွေ ကြမ်းခင်း။

အဲဒီဟာကတော့ ကျွန်တော်တို့ တိုင်မာတွေ ကတ္တရာသုတ်ပြီးတော့မှ အုတ်ကာရမယ့်အစား တစ်ချို့တွေကတော့ မသုတ်ဘဲနဲ့ အဲဒီလိုသွားတဲ့ကိစ္စ။ အဲဒီဟာ ဆောက်တဲ့ကျောင်းဟာ ကမန်းကတန်းပြီးအောင်ဆိုပြီးတော့မှ အထက်က ဒိုင်းတွေတောင်မှမပြီးသေးဘူး အကုန်လုံးအကာတွေလုပ်သွားတယ် ဆိုတဲ့ပုံစံမျိုးလုပ်ထားခြင်း ဖြစ်ပါတယ်။

ဒါ ခင်းသွားတဲ့ ကြမ်းပါ။ အခုကျောင်းကတော့ အဲဒီလို ပုံစံမျိုးအဆင့်တော့ ပြီးသွားတာ ဖြစ်ပါတယ်။ အဲဒီမှာ သုံးထားတဲ့ ယက်မတွေကတော့ ကျွန်တော်တို့ ပကာသားတွေပေါ့ဗျာ၊ အဲဒါတွေ ပြထားခြင်း ဖြစ်ပါတယ်။ အဲဒါ ဟိုပင်စက်ကုန်းကျောင်း အပိုင်းဖြစ်ပါတယ်။ အဲဒီတော့ ဟိုပင်စက်ကုန်းကျောင်းအပိုင်းနဲ့ကို ကျွန်တော်အနေနဲ့ ကြားဖြတ် နောက်တစ်ကျောင်းကို မတင်ပြခင်ကို ရှင်းပြရမယ်ဆိုရင် ဒီကျောင်းကျွန်တော်ဆီကို တင်လာတဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ အတတ်နိုင်ဆုံး လွှတ်တော်ကိုမတင်သေးဘဲနဲ့ သက်ဆိုင်ရာ ပညာရေးဌာနတွေကို ကျွန်တော်လေ့လာပါတယ်။ မေးပါတယ်။ အဲဒီတော့ စက်ကုန်းကျောင်းက ဒီ ကျောင်းကော်မတီတွေကလည်းပဲ အဲဒီလိုဖြစ်နေတဲ့ အချိန်အခါကစပြီးတော့မှ သူတို့ သက်ဆိုင်ရာပြည်နယ်အစိုးရအထိ တင်ပြတယ်လို့ ကျွန်တော့်ဆီတိုင်စာထဲမှာ ပါ ပါတယ်။ အဲဒီတော့ ကျောင်းအုပ်ကြီးကို မေးပြန်တော့လည်းပဲ ကျောင်းအုပ်ကြီးက ဘာပြောသလဲဆို၊ ကျွန်မတို့ ကလည်းပဲ BP/ BQ တွေပြပါ တောင်းတယ်။ တောင်းတော့ အဲဒီမှာ ဘာပြောသလဲဆိုရင် ခင်ဗျားတို့ BP/ BQ တွေ ခင်ဗျားတို့ မလိုပါဘူး။ ကျွန်တော်တို့အားလုံး အထက်ပိုင်းကနေ အားလုံးပြီးအောင် လုပ်ခဲ့တဲ့ ကိစ္စတွေပါ။ ခင်ဗျားတို့ ဘာမှထိခိုက်စရာ အကြောင်းမရှိဘူးဆိုပြီးတော့ ဒါ ကျောင်းအုပ်ကြီးတွေရဲ့ ကျွန်တော်ကို ပြန်ကြားတဲ့အပိုင်း။ နောက်တစ်ခါ ပညာရေးမှူးကို ကျွန်တော်မေးတယ်။ ဒီကိစ္စလေးတွေ ခင်ဗျားတို့ မသိဘူးလား ဆိုတော့၊ ကျွန်မတို့မသိရဘူးတဲ့၊ သူတို့ ကျောင်းလာဆောက်ရင်တောင်မှ BP/ BQ လည်း ကျွန်မတို့ကို မပေးဘူး။ အသိလည်းမပေးဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးအဆင့်တောင် မပြောဘူး၊ အဲဒီလိုဖြစ်နေပါတယ်။ ကျောင်းဆောက်တဲ့ ကုမ္ပဏီတွေက၊ အဲဒီတော့ အဲဒီ့ကိစ္စကြောင့် ကျွန်တော့်ဆီ အားလုံးလေ့လာလိုက်တဲ့ အခါကျတော့၊ ဒါဆိုရင်တော့ ကျွန်တော် လွှတ်တော်တင်ပေးပါ့မယ် ဆိုပြီးတော့ ကတိပြုလိုက် ပါတယ်။ လွှတ်တော်ကို ဒါတင်ခြင်းဖြစ်ပါတယ်။

ဒုတိယကျောင်း ကုန်းမန အလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်းဖြစ်ပါတယ်။ အဲဒီ ကုန်းမန အလယ်တန်းကျောင်း(ခွဲ)က အဲဒီစာသားလေးက ကျွန်တော်ဆီတင်တဲ့ စာသားလေးပါ။ အဲဒါမပြီးတဲ့ ဥစ္စာ (၇)ချက်ရှိတယ်။ သူတို့မကျေနပ်တဲ့ ဥစ္စာ၊ အဲဒီအောက်က စကြံ၊ လက်ရန်းတွေ၊ အပေါ်ထပ်က စာသင်ခန်းတွေ၊ အချောသပ်တဲ့ အခန်းတွေ၊ အဲဒါတွေကို လုံးဝ မကျေနပ်တဲ့ အကြောင်း။ နောက်ဆုံးစာပိုဒ်ကလေး ပြပေးပါ။ အဲဒီမှာ ရေးထားတာ သူတို့တစ်သက်လုံးမမြင်ဘူးပါဘူး ဘယ်ကျောင်းမှာမှ ဆိုပြီးတော့မှ အဲဒီလို လက်မှတ်ထိုးတယ်။ အဲဒီကျောင်းက ၂၀၀၄ ခုကနေပြီးတော့မှ ကိုယ့်အားကိုယ်ကိုးနဲ့ စတင်တည်ဆောက်ခဲ့တဲ့ကျောင်းပါ။ ဆောက်ခဲ့တဲ့ ကျောင်းဟာ အခု သိန်း(၅၀၀)ဖိုး ဆောက်ပြီးတော့မှ ၂၀၁၃ မှာ ကျွန်တော်တို့ လွှတ်တော်ဘက်က နေပြီးတော့မှ ဒီဟာတွေကို တင်တောင်းပေးတာပါ။ သူတို့ဖြည့်စွက် ရန်ပုံငွေ၊ အဲဒီ့ဖြည့်စွက်ရန်ပုံငွေက သိန်း(၂၂၀)ကျပါတယ်။ သိန်း(၂၂၀)ကျတဲ့ နေရာမှာ မပြီးတာက ဝရန်တာ၊ သူတို့ဟာ ဒီ ဝရန်တာကို ပြထားတယ်။ ဒီ ဝရန်တာဟာ ဝက်ခြံနဲ့တူပါတယ်တဲ့၊ သူတို့ ဒီအတိုင်းပဲ ကပ်ရိုက်ရိုက်သွားတဲ့ ဝရန်တာတွေပဲ ဖြစ်ပါတယ်။ နောက် အဲဒီ ပြူတင်းပေါက်တွေဆိုတာကတော့ အားလုံး သူတို့လုပ်ပြီးပါပြီ၊ ဒီ တံခါးရွက်တွေ တပ်တဲ့ဟာ (၇)ပေါက်၊ အဲဒါတွေ သူတို့ နောက်ထပ် လုပ်ရတဲ့ အလုပ်

တွေပါ။ အဲဒါတွေ နောက်ထပ်ဆောင်းတဲ့ ပြူတင်းပေါက်တွေပါ။ အဲဒီအထဲက အချောသပ်တဲ့ ဥစ္စာတွေက အဲဒီလို ဖြစ်နေတဲ့ ကိစ္စတွေ သူတို့က ကျွန်တော့်ကို ပြပါတယ်။ ဒီ အုတ်တွေဆိုရင်လည်း ဒါ သိန်း(၂၂၀)က အားလုံး လုပ်သွားတယ်။ ဒီကိစ္စတွေက အဲဒီလိုတွေ ဖြစ်နေတဲ့ ကိစ္စ၊ အဲဒါတွေက မကျေမနပ်နဲ့ ကျွန်တော်တို့ကို တိုင်ခြင်း ဖြစ်ပါတယ်။

နောက် ဒီကျောင်းနဲ့ ပတ်သက်ပြီးတော့လည်းပဲ ဒါပြောရမယ်ဆိုရင်တော့ ကိုယ့်အား ကိုယ်ကိုးနဲ့ ဆောက်ထားတဲ့ကျောင်း၊ အကယ်၍သာ သိန်း(၂၂၀)ဟာ သူ့ပင်မဆောက်တဲ့လူ ချလိုက်ရင်၊ ဒီပြဿနာ ဒီလိုလည်း ဖြစ်ခဲ့မယ်မထင်ဘူး ကျွန်တော်ကတော့၊ အဲဒီတော့ အခု ကုမ္ပဏီက လုပ်သွားတဲ့ အခါကျတော့ သူတို့ လုံးဝမခံမရပ်နိုင်တဲ့ အခါကျတော့ တစ်ခါတစ်လေကျတော့ သူတို့ပြောတဲ့ စကားအရဆိုရင် ကုမ္ပဏီတွေက ဘာပြောလဲဆိုရင် ခင်ဗျားတို့ လျှာမရှည်နဲ့ ခင်ဗျားတို့ ဒီလောက်ကျောင်းဆောက် ပေးတာတောင် ကျောင်းရတာတောင် ကံကောင်းတယ်ဆိုတဲ့ အဲဒီလို ပြောခံရတဲ့ အဖြစ်မျိုးတွေလည်း ကြုံနေရပါတယ်။

နောက် တစ်ကျောင်း အဲဒီ အင်းတော်ကြီး စီမံကိန်းကျောင်း ဒါဟာ ကျောင်းအုပ်ကြီး ကိုယ်တိုင် ကျွန်တော့်ဆီကို ပထမပေးခဲ့တဲ့ ကျောင်းပုံစံမျိုး မဟုတ်တဲ့အကြောင်း တင်ပြပါတယ်။ အဲဒါကတော့ သိန်း(၂၂၀) နဲ့ ပေ (၁၀၀ x ၃၀) သူကတော့ ပထမပေးထားတဲ့ မူကတော့ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်လေးပေါ့ အဲဒီကိစ္စကို သူတို့ကနေပြီးတော့မှ သိန်း (၂၂၀)ကို ဒီတိုင်းပဲ ဆောက်သွားလိုက်တယ်။ အဲဒီကျောင်းကို ဆောက်သွားတဲ့နေရာမှာတောင်မှ ပျဉ်တွေကိုက ဒီလိုကာရိုးကာစဉ်နဲ့ မကာဘဲနဲ့ တုံးလုံးနဲ့ ကာသွားကြတာ ဒါဟာ ဒီဟာကထိပ်ကနေ မြင်ရတဲ့ အတိုင်းပါ။ ဒါ ကျောင်းတွေရဲ့ ဒီကျောင်းတွေရဲ့ ကြမ်းခင်းကတော့ ကျွန်တော်ကတော့ အလှမ်းကွာဝေးတဲ့အတွက် ကျွန်တော် မရောက်သွားနိုင်ဘူး။ ဒါပေမဲ့သက်ဆိုင်ရာ ရောက်တဲ့လူတွေကို မေးကြည့်တဲ့အခါကျတော့ သူတို့က ပြောတယ်ဗျ အဲဒီကျောင်းမှာခင်းထားတာကလည်း ခင်ဗျား နောင်တစ်ချိန် ကျရင် လာကြည့်ပါတဲ့ ခင်းထားတာက (၃)နှစ်တောင် ခံမလားမသိဘူးတဲ့ ဖြစ်ကတတ်ဆန်း ခင်းသွားတယ်တဲ့ အကယ်၍သာ ဒီပုံစံတိုင်း ကျွန်တော်တို့ အရပ်ကို ဆောက်မယ်ဆိုရင် သိန်း (၁၀၀) နဲ့တောင် ကျွန်တော်တို့ ဆောက်လို့ ဖြစ်တယ်တဲ့ အဲဒီလို ပြောကြတယ် ဆိုလိုတာကတော့ ဘယ်လိုပဲဖြစ်ဖြစ် ဒါ ကျွန်တော့်အနေနဲ့ ဒီကိစ္စကို တင်ပြရခြင်းကိစ္စက တစ်ခြားမဟုတ်ပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက နေပြီးတော့မှ အမှန်အတိုင်းပြောမယ်ဆိုရင် ပြည်သူတွေ တင်ပြတဲ့အတိုင်းကိုသာ တင်ပြရမယ်ဆိုရင် အများကြီးပါ။ သို့သော်လည်း ကျွန်တော်တို့က လုပ်တဲ့ ဝန်ကြီးဌာနကိုလည်း အားနာတယ်၊ ကျွန်တော်တို့ ပြီးတော့ ဒေသခံတွေကိုလည်း သနားတယ်၊ အကယ်၍သာ ဆောက်လုပ်တဲ့ ကုမ္ပဏီတွေက သူ့သဘော အတိုင်း တည်ဆောက်မယ်ဆိုရင် ဒီနိုင်ငံတော်ဘတ်ဂျက်နဲ့ ပြည်သူ့ငွေဟာ အများကြီး နစ်နာပါတယ်။ အဲဒီတော့ အဲဒီလို မနစ်နာအောင်ဟာ ဘယ်လိုများ ထိန်သိမ်းစောင့်ရှောက်မလဲ ကျွန်တော်တို့ ပြန်စစ်တဲ့ အခါ အဲဒီ စက်ကုန်းကျောင်းဆိုရင် ခင်ဗျားတို့ ကော်မတီမရှိဘူးလား ရှိပါတယ်တဲ့ လာစစ်တယ် ကျောင်းပြီးမှ လာစစ်ရတဲ့အနေအထားမျိုး ဖြစ်နေတယ်။ ကျောင်းပြီးမှ လာစစ်တဲ့ အနေအထားမျိုးဆိုရင် ဘယ်လိုမှ သူတို့လုပ်လို့မရဘူး သို့သော်လည်း အဲဒီအနေအထားကို ပြည်သူကလက်မခံတဲ့အတွက် ကြောင့်မို့လို့ ဒီလိုတိုင်စာမျိုး တက်လာခြင်းဖြစ်ပါတယ်။


ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့တင်ပြချက် မေးခွန်းတွေကို ကျွန်တော်က ပြန်ပြီးတော့မှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက (၁) ယခုလို နိုင်ငံတော်ဘဏ္ဍာငွေနှင့် ဆောက်လုပ်တဲ့ အဆောက်အဦများကို တာဝန်ယူ ဆောက်လုပ်တဲ့ အဖွဲ့အစည်းများ တာဝန်ယူမှု တာဝန်ခံမှု ခံဝန်ချုပ်ကတိကဝတ်နဲ့ ဆောင်ရွက်နေပါသလား၊ (၂) ယခု တင်ပြခဲ့တဲ့ ပညာသင်ကျောင်းဆောင်များသည် အနည်းဆုံး အနှစ် (၃၀) ခိုင်ခံ့ဖို့ တာဝန်ယူမှုရှိပါသလားတဲ့ သူတို့ကတော့ ချွင်းချက်ကတော့ လေမုန်တိုင်းတွေ ဘာတွေ သဘာဝဘေးဒဏ်ကတော့ မဆိုလိုပါဘူး။ (၃) ယခုလို ဆောက်ထားခဲ့ပြီးသော အဆောက်အဦများအတွက် ဆောက်ထားပြီးသည့်အတိုင်း လက်ခံရမလား၊ လက်ခံလို့ ရပါသလား၊ လက်ခံထားရတော့မလား ဆိုပြီးတော့မေးပါတယ်။ (၄) ပြည်သူများက အခုလို အဆောက်အဦများအတွက် လက်မခံနိုင်၍ တိုင်ကြားလာသည့်အပေါ် မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိပါက မည်သို့ဆက်လက်ဆောင်ရွက်သွားပါမည်နည်း (၅) နိုင်ငံတော်ဝန်ကြီးဌာနများက အဆောက်အဦများနှင့် ပတ်သက်ပြီး တစ်ခုတည်းသောမူ ချမှတ်ပြီး သတ်မှတ်ပုံစံ သတ်မှတ်စံချိန်စံညွှန်းအတိုင်း တာဝန်ယူဆောက်လုပ်ကြမည့် မည်သည့်အဖွဲ့အစည်း မည်သည့်ကန်ထရိုက် မည်သည့်ကုမ္ပဏီများမဆို သတ်မှတ်သည့် အဆောက်အဦပုံစံ စည်းမျဉ်းစည်းကမ်း စံချိန်စံညွှန်းကိုက်ညီမှု မရှိဘဲ မိမိသဘောအတိုင်း ဆောက်လုပ်သွားပါက မည်ကဲ့သို့ စစ်ဆေးအရေးယူ ဆောင်ရွက်ပါမည်နည်း (၆) ပြည်သူများအနေဖြင့် မိမိတို့နှင့်ပတ်သက်သော အခုလို ပညာသင်ကျောင်းဆောင်များ ဆောက်လုပ်သွားသည့်အပေါ် ကျေနပ်မှုမရှိပါက ဆောက်လုပ်သွားသည့် မည်သည့်အဖွဲ့အစည်းကိုမဆို တရားစွဲဆိုလို့ရပါသလား။ အဲဒါ သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျောင်းဆောင်သစ်တွင် အောက်ခြေဖောင်ဒေးရှင်းကို ဖွဲ့ပြာမြေတွင် တည်ဆောက်ပုံ (က)






ကျောင်းဆောင်သစ်တွင် စံချိန်စံညွှန်းမမီသည့် ၆” x ၆” တိုင်များ စိုက်ထူထားပုံ (က-၁)




ကျောင်းဆောင်သစ်တွင် စံချိန်စံညွှန်းမမီသည့် တိုင်များ စိုက်ထူထားပုံ (က-၂)




**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေး ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ၏ မေးခွန်းကိုဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် အမှတ်(၆) မဲဆန္ဒနယ် အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့ မေးခွန်းနှင့်စပ်လျဥ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ပထမပိုင်းအနေနဲ့ ကိုယ်စားလှယ် မေးမြန်းချက်တွင် ဖော်ပြခဲ့သော မိုးညှင်းမြို့နယ်နှင့် အင်းတော်ကြီးဒေသရှိ ကျောင်းအဆောက်အဦများနဲ့ ပတ်သက်၍ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ မိုးညှင်းမြို့နယ် စက်ကုန်းအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်ဟောင်း ဥပဓိရုပ် မကောင်းသော (၁၀၀x ၂၄) ပေ၊ သွပ်မိုး၊ ပျဥ်ကာ (၂)ထပ် အဆောက်အဦအား ဖျက်သိမ်း၍ (၁၂၀x ၃၀) ပေ၊ အုတ်ညှပ် (၂)ဆောင် အသစ် ဆောက်လုပ်ရန် ငွေကျပ် (၈၆.၄၀) သန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ၀၄၀၂ ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေခေါင်းစဥ်အောက်မှ ခွဲဝေပေးခဲ့ခြင်း ဖြစ်ပါတယ်။ ပေ (၁၃၀x ၃၀)ပေ ၊ SS2-4 အဆောင် ခွဲဝေပေးခဲ့ခြင်း မဟုတ်ပါ ကျောင်းပုံစံ သတ်မှတ်ချက်တွင် အလယ်လှေကားသာ ပါသော်လည်း မိဘဆရာအသင်းမှ တင်ပြချက်အရ ဘေးလှေကားတစ်စင်း ထပ်မံတပ်ပေးခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အင်းတော် ကြီးဒေသ၊ ကုန်းမနရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင်လည်း (၁၇၀x ၃၀) ပေ၊ အုတ်ညှပ် နှစ်ထပ်အပြီးသတ်ရန် ငွေကျပ် (၂၂)သန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ၀၄၀၂ ပြင်ဆင်ထိန်းသိမ်းရေးစရိတ် ရန်ပုံငွေခေါင်းစဥ်အောက်မှ ခွဲဝေပေးခဲ့ခြင်း ဖြစ်ပါတယ်။ ယနေ့ ခေတ်အခါတွင် လုပ်ငန်းများ ဆောင်ရွက်ရာ၌ လွယ်ကူချောမွေ့ မြန်ဆန်စေရေးအတွက် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် တည်ဆောက်ရေး လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတိုင်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဥ်ဖြင့် တင်ဒါခေါ်ယူ၍ တာဝန်ပေးအပ်ပြီး ဆောင်ရွက်စေပါတယ်။ ကျောင်းဆောင်များ တည်ဆောက်ခြင်း၊ အပြီးသတ်ခြင်းအတွက် ကုမ္ပဏီ များကို BP/ BQ များဖြင့် တင်ပြဆောက် လုပ်စေခြင်း၊ စာချုပ်ပါ အချက်အလက်များ နှင့်ကိုက်ညီစေရန် စစ်ဆေး ဆောင်ရွက်ပြီး၊ ဌာနသို့ လွှဲပြောင်းစေခြင်းတို့ဖြင့် ဆောင်ရွက်စေခဲ့ပါတယ်။

အင်းတော်ကြီးဒေသ၊ ပန်းလားအုပ်စု၊ လောဆွန် အခြေခံပညာမူလတန်း ကျောင်းတွင် (၁၀၀ x ၃၀) ပေ၊ အုတ်ညှပ်(၁)ထပ်၊ အသစ် ဆောက်လုပ်ရန် ငွေကျပ် (၂၄) သန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေ ခေါင်းစဥ်အောက်မှ ခွဲဝေပေးခဲ့ပါတယ်။ မိုးညှင်းမြို့နယ် လောဆွန် အခြေခံပညာမူလတန်း ကျောင်းတွင် (၁၀၀x ၃၀) ပေ၊ အုတ်ညှပ်(၁)ထပ်၊ အသစ် ဆောက်လုပ်ရန်အတွက် ဒီပရာဇာကုမ္ပဏီအား ပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် တင်ဒါများ ခေါ်ယူကာ တာဝန်ပေးဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီပရာဇာ ဆောက်လုပ်ရေးကုမ္ပဏီမှ လောဆွန် ကျေးရွာသို့ ကွင်းဆင်းလေ့လာခဲ့ရာ ဘိလပ်မြေ၊ အုတ်များ သယ်ဆောင်ရန် ခက်ခဲပြီး သယ်ဆောင်စရိတ်ကြီးမားသည့်အပြင် PAE ၈၀၀၀ နှုန်းဖြင့် ဆောက်လုပ်ရန်မဖြစ်နိုင်သဖြင့် ပုံစံပြောင်းလဲ ဆောက်လုပ်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်နှင့် တင်ပြလာသောကြောင့် အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြခဲ့ရာ ပညာရေးဝန်ကြီးဌာနမှ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့၊ ငွေလုံးငွေရင်း) ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးခန့်မှန်းခြေငွေစာရင်းဌာနသို့ ဆက်လက်တင်ပြပြီး ခွင့်ပြု

ချက်ရရှိမှသာ ပုံစံပြောင်းလဲဆောက်လုပ် ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းခဲ့တဲ့အတွက်လည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းများကို ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက်လည်း ကျွန်တော်ဝမ်းသာပါတယ်။

ဒုတိယပိုင်းအနေနဲ့ ပညာရေးဝန်ကြီးဌာနမှ မူဘောင်တစ်ခု ချမှတ်ပြီး သတ်မှတ်ပုံစံများအတိုင်း စံချိန်စံညွှန်းများနှင့်အညီ ပညာသင်ကျောင်းဆောင်များ ဆောက်လုပ်နိုင်ရန် တစ်နိုင်ငံလုံး တစ်ပြေးညီ ချမှတ်ပေးသော်လည်း စံချိန်စံညွှန်း ကိုက်ညီမှုမရှိဘဲ မိမိသဘောအတိုင်း ဆောက်လုပ်သွားသည့် အဖွဲ့အစည်း၊ ကန်ထရိုက်နှင့် ကုမ္ပဏီများကို မည်သို့ စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော် ဘဏ္ဍာငွေများနှင့်ဆောက်လုပ်သော အဆောက်အဦများကို သက်ဆိုင်ရာဌာနနှင့် ဆောက်လုပ်ရေးကုမ္ပဏီများ လုပ်ငန်းအပ်နှံသဘောတူစာချုပ်များ ချုပ်ဆို လက်မှတ်ရေးထိုး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်သည့် စံချိန်စံညွှန်းအတိုင်း ဆောက်လုပ်သွားခြင်း ဖြစ်ပါက အနှစ်(၃၀)ခန့် ခိုင်ခန့်မည် ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက် ရာတွင် ဆောက်လုပ်ရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ၊ မြို့နယ် အဆင့် အရည်အသွေး စစ်ဆေးရေးကော်မတီတို့၏ ကွင်းဆင်းစစ်ဆေးချက်များအရ လုပ်ငန်းပြီးစီး ဆောင်ရွက်မှုအပေါ် အရစ်လိုက် အချိုးကျ ငွေပေးချေ ထုတ်ပေးခြင်း ဖြစ်ပါတယ်။

အထက်ပါအဖွဲ့မှ လုပ်ငန်းအားလုံး ပြီးဆုံးကြောင်း ထောက်ခံချက်ရရှိမှသာ အဆောက်အဦကို ဌာနသို့ အပ်နှံခွင့်ပြုပါတယ်။ ၎င်းအပြင် ပြည်နယ်စာရင်းစစ်ဆေးရေး အဖွဲ့၏ စာရင်းနှင့် အဆောက်အဦများ တိုက်ဆိုင်စစ်ဆေး၍ လိုအပ်ချက်များ ရှိပါက ထပ်မံပြုပြင် ဆောင်ရွက်စေပါတယ်။ ပြည်သူများက အဆောက်အဦများအတွက် လက်မခံနိုင်၍ တိုင်ကြားလာပါက တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနမှ ဆောက်လုပ်ရေး ကုမ္ပဏီများအား BP/ BQ ပါအတိုင်း လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်စေပါတယ်။ မည်သည့်ကန်ထရိုက် ကုမ္ပဏီကိုမဆို ပညာရေး ဝန်ကြီးဌာနမှ သတ်မှတ်ထားသော BP/BQ များဖြင့်သာ ဆောက်လုပ်ရပါတယ်။ ၎င်းတို့၏ သဘောထားအတိုင်း BP/ BQ ပြောင်းလဲခြင်း၊ ပုံစံပြောင်းလဲ တည်ဆောက်ခြင်း လုံးဝပြုပြင်လို့ မရပါ။ ဒေသအခြေအနေအရ ပုံစံပြောင်းလဲခြင်း အမျိုးအစား ပြောင်းလဲခြင်း ဆောင်ရွက်ရန် လိုအပ် လာပါက တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာအခြေခံပညာ ဦးစီးဌာနသို့ တင်ပြရပါတယ်။ သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနသည် ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် လုပ်ထုံးလုပ်နည်း နှင့်အညီ အထက်တွင် ဖြေကြားခဲ့သော ဌာနအသီးသီးသို့ အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ပုံစံ ပြောင်းလဲတည်ဆောက်ခွင့်ပြုခြင်း ဖြစ်ပါတယ်။

သတ်မှတ်စာချုပ် ပုံစံအတိုင်း တည်ဆောက်ခြင်း မရှိပါက အဆိုပါ ကုမ္ပဏီအား စာချုပ်ပါစည်းကမ်းများအရ အရေးယူခြင်း၊ Black List သွင်းခြင်း ဥပဒေအရ တရားစွဲဆိုခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ပြည်သူများအနေဖြင့် ကျေနပ်မှုမရှိပါက သက်ဆိုင်ရာ မြို့နယ် အဆင့် အရည်အသွေး စစ်ဆေးရေး ကော်မတီသို့ တိုင်ကြားခဲ့လျှင် တိုင်ကြားချက်တွင် ပါဝင်သည့်အတိုင်း အဆင့်ဆင့် စိစစ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မဆောင်ရွက်ပါက ဌာနအနေဖြင့် ကုမ္ပဏီအား စာချုပ်ပါစည်းကမ်းများအတိုင်း ဥပဒေအရ တရားစွဲဆိုသွားမည် ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဦးထွန်း**။ ။ အခု လွှတ်တော်တွေ ပေါ်လာပြီးတဲ့နောက်မှာ အစိုးရသစ်လက်ထက်မှာ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာငွေ အသုံးစရိတ်တွေက လေးဆငါးဆ ခွင့်ပြုပေးခဲ့တယ်။ ခွင့်ပြုပေးခဲ့တဲ့အတွက် အဆောက်အဦအသစ် ဆောက်လုပ်မှုက ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနမှာ အများဆုံး ရှိနေပါတယ်။ ရှိနေတဲ့အခါကျတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကို ဘတ်ဂျက်ချပေးလိုက်ရုံနဲ့ မပြီးဘူးဆိုတဲ့ အဖြေ ထွက်လာတယ်။ အဲဒီတော့ ဆောက်လုပ်ရေးကုမ္ပဏီတွေနဲ့ ကန်ထရိုက်စာချုပ် ချုပ်တယ်ဆိုတဲ့ နေရာမှာ ခါတော်မီ ကုမ္ပဏီတွေ အများကြီးပဲ၊ အခု ဆောက်နေတာတွေက အရင်ကလည်း လုပ်ဖူးတာမဟုတ်ဘူး။ ပြီးတော့မှ တချို့လည်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်က အဲဒီလိုလုပ်တာတွေလည်း ရှိတယ်၊ သူ့သားသမီးတွေ လုပ်တာတွေလည်း တွေ့နေတယ်။ တွေ့တဲ့အခါကျတော့ ခုန အရည်အသွေး စစ်ဆေးရေးအဖွဲ့တွေ ဘာတို့ ညာတို့က ပြောရဆိုရခက်တာတွေ ရှိနိုင်တဲ့သဘော ဖြစ်နေတယ်ထင်တယ်။ အဲဒီတော့ အဆာက်အဦ တစ်ခု ဆောက်မယ်ဆိုရင် အစကတည်းက ကြီးကြပ်တဲ့ အဖွဲ့က တောက်လျှောက် စဥ်ဆက်မပြတ် ကြီးကြပ်ရမယ်။ ပြီးတော့မှ ပြန်ဖျက်ခိုင်းလို့က မရနိုင်ဘူး။ ဒီတိုင်း လက်ခံလို့ကလည်း မဖြစ် ခုနတင်ပြတဲ့ Slide Show ပုံစံတွေအတိုင်းဆိုရင် အန္တရာယ်တော့ ရှိနိုင်တဲ့ အနေအထားဖြစ်နေတာပေါ့။ အဲဒီတော့ ခုဟာက ဘယ်လိုဖြစ်လဲ ဆိုတဲ့အခါကျတော့ ဆိုကြမယ်၊ ပျော်ကြမယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော်ထဲမှာ ဆိုတယ်၊ ဆိုတယ် ဆိုတာ တောင်းဆိုတာ၊ တောင်းဆိုတော့ ရတယ်၊ ကျောင်းတွေ ရတယ်၊ ဆေးရုံတွေ ရတယ် အဲဒီတော့ ခါတော်မီကုမ္ပဏီတွေက ပျော်တာပဲ အဲဒါပြောတာ ဆိုကြမယ် ပျော်ကြမယ်ဆိုတာ အခု အဲဒီလို ဖြစ်နေတယ်။ ဖြစ်နေတော့ ဒါကြီးကို ခုလို ပြောင်းလဲလာတဲ့ကာလမှာ အရှိန်အဟုန်နဲ့ ဆောက်နေတဲ့အချိန်မှာ ကြီးကြပ်မှုအပိုင်းမှာ တစ်ဆင့်မြှင့်ဖို့ နည်းစနစ် ပြောင်းဖို့ လိုပါတယ်။ ပြတ်ပြတ် သားသားလည်း အရေးယူဖို့ လိုပါတယ်။ တရားစွဲမယ်၊ Black List သွင်းမယ်။ ဘာမှလုပ်လို့မရလောက်အောင် စေတနာယုတ်တဲ့ ကိစ္စမျိုးတွေက သည်းခံလို့ မဖြစ်ဘူး။ အဲဒီတော့ နိုင်ငံတော်ဘဏ္ဍာငွေတွေက ဒီမှာတော့ ပညာရေး ဝန်ကြီးဌာနက ဒီလောက် တိုးပေးလိုက်တယ်ဆိုပြီးတော့ ပီတိတွေဖြစ်လို့ပေါ့။ ဟိုမှာရတဲ့လူတွေက စိတ်တွေဆင်းရဲလို့ အဲဒီလိုတွေ ဖြစ်နေတယ်၊ ဒါကြောင့်မို့လို့ ခု ဝန်ကြီးဌာနနှစ်ခုလုံးကလည်း ဝန်ကြီးနဲ့ ဒုတိယဝန်ကြီး ရှိတဲ့အတွက် ဒါမျိုးတွေက ဒီတစ်နေရာတည်း မဟုတ်ပါဘူး။ အများကြီး ဖြစ်နေတယ်။ ကျွန်တော်တို့က မြို့နယ်တိုင်းမှာလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနရှိတာပဲ လုပ်ငန်းအပ်လို့လည်း ရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ဖို့ ဖွဲ့ထားတဲ့ဝန်ကြီးဌာနပဲ စစ်ဆေးရုံမဟုတ်ပါဘူး။ လမ်း တံတားလုပ်ရုံတင်လည်း မဟုတ်ဘူး။ အဆောက်အဦတွေလည်း ဆောက်လို့ရတယ်။ ဆောက်လုပ် ရေးဝန်ကြီးဌာနက ဆောက်လုပ်ပေးနိုင်ခြင်း မရှိပါဘူးဆိုတဲ့ Certificate ရမှသာလျှင် ပြင်ပကုမ္ပဏီနဲ့ လုပ်တာက ကောင်းတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအပ်မယ်ဆိုရင် ဝန်ကြီးကိုယ်တိုင်ရှိတယ်၊ ဒုတိယဝန်ကြီး ကိုယ်တိုင် ရှိတယ်၊ အင်ဂျင်နီယာချုပ်တွေ ရှိတယ်၊ စစ်ဆေးရေးအဖွဲ့တွေ ရှိတယ်၊ စနစ်တကျပဲ Local Budget၊ ဒေသန္တရဝယ်မယ်ဆိုရင် သူ့မှာ သတ်မှတ်စံနှုန်းတွေ ရှိတယ် သဘောက။ ဒီထက်ပြည့်စုံတာ မရှိဘူး အစိုးရအဖွဲ့ အစည်းချင်း လုပ်တယ်ဆိုလို့ရှိရင် ဘယ်သူမှလည်း ငြိစွန်းစရာ အကြောင်းမရှိဘူး။ ခုန ဒီလောက်လည်း ဆိုးဝါးစရာ အကြောင်း မရှိပါဘူး။ အဲဒီတော့ ဒါကို ဒီလိုအချိန်မျိုးမှ မဟုတ်ပါဘူး။ နောက်ပိုင်းကျတော့ အားလုံး ပြည့်စုံသွားပြီ။ ဘတ်ဂျက်တွေကလည်း ချမပေးတော့ဘူး ပြည့်စုံသွားတဲ့

အဆောက်အဦတွေကလည်း ပြိုကျသွားပြီ ဆိုတာမျိုး ဖြစ်မှာစိုးရတဲ့ အနေအထား ရှိပါတယ်။ နောင်ဒါကို အထူးဝန်ကြီးဌာနအနေနဲ့ ဂရုစိုက်ပေးဖို့ ပန်ကြားလိုပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦးက မေးမြန်းသည့် မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဆင်ပေါင်ဝဲမြို့နယ်၊ ဇောင်ချမ်းတောင်ကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း က ဆင်ပေါင်ဝဲမြို့နယ်၊ ဇောင်ချမ်းတောင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများ အထူးဖိတ်ကြားထားပါသော ဧည့်သည်တော်များ ခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းသွားမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၊ ဇောင်ချမ်းတောင်ကျေးရွာမှာ လက်ရှိ ကျေးလက်ကျန်းမာရေး ဌာနကို ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးသွားရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်ဟာ မြို့တည်နေရာ ချောင်ကျခြင်း လမ်းပန်းဆက်သွယ်ရေး မဖြောင့်ဖြူးခြင်း ကျေးလက်လမ်းများ အဆင့်အတန်းမမီခြင်းနဲ့ မြို့နယ်ရဲ့စိုက်ပျိုးမြေများ မြေဆီမြေနှစ် ညံ့ဖျင်းနေခြင်းများကြောင့် စီးပွားရေးအဆင့်အတန်း နိမ့်ကျလျက်ရှိနေပြီး အခြားမြို့နယ်များနဲ့ နှိုင်းယှဉ်ရင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိပါကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဧရာဝတီမြစ်၏ အနောက်ဘက်မှာ ရှိနေကြတဲ့ ကျေးရွာပေါင်း (၃၂)ရွာရှိ ကျေးလက်ပြည်သူတွေဟာဆိုရင် ၎င်းတို့နယ်မြေ မြေမျက်နှာပြင် အနေအထားမှာ တောင်စဉ် တောင်တန်းများ ထူထပ်၍ မြေပြန့်လွင်ပြင် မရှိသလောက် နည်းပါးတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး အထူးပင်ခက်ခဲလှပါတယ်။ အရေးကြီး လူနာနဲ့ အရေးပေါ် လူနာများကို နီးစပ်ရာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းတွေကို ပို့ဆောင်ပေးဖို့ လိုအပ်မယ်ဆိုရင် နွားလှည်းနှင့်ပင် မသွားလာနိုင်တဲ့အတွက် စောင်ပုခက်ဆင်ပြီး လူထမ်းပိုးခေါ် ကုသကြရပါတယ်။ ဒီထက်ပိုပြီး အရေးကြီးတဲ့လူနာတွေဆိုရင် ဧရာဝတီမြစ်ကို သင့်ရာ ရေယာဉ်

ဖြင့် ဖြတ်ကူး၍ ဆင်ပေါင်ဝဲမြို့နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးကြရပါတယ်။ လမ်းခရီးမှာ အချိန်များစွာ ကြန့်ကြာနေ တဲ့အတွက် အချို့လူနာတွေ၊ အရေးကြီးလူနာတွေ အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ကြရပါတယ်။ ကျေးလက် ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း နိမ့်ကျခဲ့တယ်ဆိုတာ ဘယ်သူ့မှငြင်းလို့ ရမှာ မဟုတ်ပါဘူး။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ ဆိုရင်တော့ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအကန့်အသတ်များကို ဖြေလျှော့၍ အထူးအစီအမံများချမှတ်ကာ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေပါပြီ။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှာ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့တဲ့ ပဏာမကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဖော်ပြချက်များအရ နိုင်ငံ၏လူဦးရေ သန်း(၅၀)ကျော်ခန့်တွင် (၇၀)ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်ဒေသများတွင်နေထိုင်လျက်ရှိကြကြောင်း၊ တစ်နိုင်ငံလုံး ကျေးရွာပေါင်း(၆၄၀၀၀)ကျော်ရှိသည့် အနက်တွင် ကျေးလက်ကျန်းမာရေးဌာန (၁၆၈၄)ခုသာရှိသေးကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန တစ်ခုကပင် ကျေးရွာပေါင်း(၃၈)ရွာကို တာဝန်ယူနေရကြောင်းကို လေ့လာသိရှိခဲ့ရပါတယ်။

အထက်ဖော်ပြပါ ကိန်းဂဏန်းများကပင် ကျေးလက်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍကို လက်ရှိ အခြေအနေထက် များစွာတိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း မီးမောင်းထိုးပြနေခြင်းပင် ဖြစ်ပါတယ်။ တစ်ဖန် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများအား လမ်းညွှန်မှာကြားခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave)ကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ကျန်းမာရေး ကဏ္ဍတွင် ပြည်သူများအနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသို့ ငွေကုန်ကြေးကျခံပြီး သွားရောက် ကုသနေရသည့် ဝန်ထုပ်ဝန်ပိုးလျှော့ချနိုင်အောင် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့ကြီးများတွင် ရန်ကုန်၊ မန္တလေးကဲ့သို့ အထူးကုဆရာဝန်ကြီးများဖြင့် ဆေးရုံသုံး ခေတ်မီစက်ကိရိယာ၊ ဆေးဝါးများ ဖြည့်စွက်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ မြို့နယ်များအတွက် ဆေးရုံအဆင့် မြှင့်တင်ခြင်းနဲ့ ကျေးလက်နေပြည်သူများအတွက် တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများနဲ့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဖြည့်ဆည်းနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ မြေပြင်လိုအပ်ချက်များကို ဒေသအလိုက်ကွင်းဆင်းတွက်ချက်ပြီး လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားသွားတာကို ကြားနာသိရှိခဲ့ရပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ဧရာဝတီမြစ်ကြီးမှ သဘာဝအလျှောက် မြို့နယ်ကို အရှေ့ဘက်၊ အနောက်ဘက် ကွဲပြားစွာခွဲခြားထားတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။ ဆင်ပေါင်ဝဲမြို့နယ်၊ ဇောင်ချမ်းတောင်ကျေးရွာတွင်လူဦးရေ (၃၀၀၀)ခန့် နေထိုင်လျက်ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပြီး၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်း မြို့နယ်အတွင်းရှိ ကျေးရွာအားလုံးက စီးပွားရေးမှသည် ပညာရေး၊ ကျန်းမာရေးအဆုံး ၎င်းကျေးရွာကြီးကို အမှီပြုနေကြရပါတယ်။

နောက် ထပ်ပြီး ဆင်ပေါင်ဝဲမြို့နယ်မှာ အားနည်းချက်တစ်ခုကတော့ ခေတ်တွေပြောင်းလဲလို့ အချိန်တွေ ကြာညောင်းခဲ့ပေမယ့် မြို့နယ်တစ်ခုလုံးမှာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံပဲ ရှိပါသေးတယ်။ ချောင်းကောက်ကျေးရွာမှာဖြစ်ပါတယ်။ ဒီလောက်ဆိုရင် အခြားမြို့နယ်တွေနဲ့ နှိုင်းယှဉ်မိပြီး ဆင်ပေါင်ဝဲမြို့နယ်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို အကဲခတ်နိုင်ပါပြီ။ ဆင်ပေါင်ဝဲမြို့နယ်အတွက် တာဝန်ရှိသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးခရီးစဉ်တွင် ယင်းကျေးရွာသို့ ရောက်ရှိစဉ်မှာ ဇောင်ချမ်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဖြစ်သို့ အဆင့်မြှင့်ဖွင့်လှစ်ပေးရေးအတွက် သက်ဆိုင်ရာ များသို့ တင်ပြဆောင်ရွက်ပေးကြပါရန် ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းတောင်းဆိုခဲ့ကြပါတယ်။ မြေပြင်အခြေအနေအရ အမှန်တကယ်လိုအပ်နေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ အထက် တင်ပြပါအချက်အလက်များအရ ဆင်ပေါင်ဝဲမြို့နယ်၊ ဧရာဝတီမြစ် အနောက်ဘက်ကမ်းနေ ကျေးလက်ပြည်သူ(၁၃၆၆၅)ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးမြှင့်ပေးအပ်နိုင်ရေးအတွက် ဇောင်ချမ်းတောင် ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ထောက်ခံအကြံပြု တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ (က)မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဇောင်ချမ်းတောင် ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးသွားရန် အစီအစဉ်ရှိ/ မရှိ။ (ခ) အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ရေဖြူမြို့နယ်၊ နတ်ကြီးစင် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်စိန်က ရေဖြူမြို့နယ်၊ နတ်ကြီးစင် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု အဆင့်ဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ရေဖြူမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရေဖြူမြို့နယ်၊ နတ်ကြီးစင် ကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နတ်ကြီးစင်ကျေးရွာမှာ ကျေးရွာ (၇)ရွာရှိပြီး၊ နတ်ကြီးစင်တွင်(၃၂၄)အိမ်၊ ပေါက်ပင်ကွင်းကျေးရွာတွင်(၃၆၁)အိမ်၊ ဘုရားသုံးဆူ ကျေးရွာတွင်(၇၉)အိမ်၊ စိန်ပုံကျေးရွာတွင်(၃၄)အိမ်၊ တောင်ခေါင်နှင့် မြင်းဇောင်းကျေးရွာတွင် (၇၄) အိမ်နှင့် ကမောင်းချောင်းကျေးရွာတွင်(၆၀)အိမ် စုစုပေါင်း(၉၃၂)အိမ်၊ လူဦးရေအားဖြင့်(၅၃၀၂)ဦး နေထိုင်လျက်ရှိပါတယ်။ နတ်ကြီးစင်ကျေးရွာတွင် လယ်(၁၀၂၈)ဧကနှင့် ဥယျာဉ်ခြံမြေ (၃၀၀၀) ဧက ကျော်ရှိပါတယ်။ ကျေးရွာသူ၊ ကျေးရွာသားများမှာ ရိုးသားသောတောင်သူလယ်သမားများဖြစ်ကြပြီး ဗမာနဲ့ မွန်တိုင်းရင်းသားများ နေထိုင်တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ နတ်ကြီးစင်ကျေးရွာအုပ်စုဟာ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ် မြောက်ဘက်၌တည်ရှိပြီး မွန်ပြည်နယ်နှင့် နယ်နိမိတ်ထိစပ်နေတဲ့ နေရာဖြစ်ပါတယ်။ တောင်ကုန်းတောင်တန်းများ၊ မြစ်ချောင်းများ ပေါများ၍ တစ်နေရာနှင့် တစ်နေရာ သွားလာရာ၌လည်း အလွန်ခက်ခဲတဲ့ နေရာလည်းပဲ ဖြစ်ပါတယ်။

နတ်ကြီးစင်ကျေးရွာအုပ်စု၊ နတ်ကြီးစင်ကျေးရွာမှာ ကျန်းမာရေးစောင့်ရှောက်ရန် ကျန်းမာရေး ဝန်ထမ်း သားဖွားဆရာမ တစ်ဦးသာရှိပါတယ်။ ကျေးရွာတွင် ဆေးခန်းမရှိသဖြင့် အိမ်များသို့ သွားရောက် ဆေးကုသမှုပေးနေရပါတယ်။ ကျန်းမာရေးအတွက် ဆေးကုသမှုခံယူလိုပါက ရေလမ်းခရီးဖြင့် မိုင်(၃၀)ခန့်ဝေးတဲ့ ကန်ပေါက်ကျေးရွာ တိုက်နယ်ဆေးရုံတွင် တစ်နေ့လျှင်တစ်ခေါက်သာ ပြေးဆွဲသော ရထားဖြင့် မွန်ပြည်နယ်၊ ရေးမြို့ပြည်သူ့ဆေးရုံသို့ အခက်အခဲများ၊ ငွေအကုန်အကျ များစွာဖြင့် သွားရောက်နေကြရပါတယ်။ အရေးပေါ်လူနာများမှာ ခရီးဝေးကွာ၍ အချိန်မီမရောက်နိုင်သောကြောင့်လည်းကောင်း၊ တချို့သော ငွေကြေးမတတ်နိုင်သူများမှာ ဆေးကုသခွင့်မရသောကြောင့်လည်းကောင်း အသက်ဆုံးရှုံးသူများလည်းရှိကြပါတယ်။ နတ်ကြီးစင်ကျေးရွာမှာ ကျေးလက် ကျန်းမာရေး ဌာန(ခွဲ) ဆောက်လုပ်ရန် မြေနေရာရှိပြီးဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးပါက ဒေသခံပြည်သူများမှာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ပြီး ရောဂါများကြိုတင် ကာကွယ်နိုင်ခြင်း၊ အရေးပေါ်လူနာများအတွက် အချိန်မီဆေးကုသမှုပေးနိုင်ခြင်းကြောင့် အသက် ချမ်းသာခွင့်များ ပိုရပြီး မိခင်နှင့် ကလေးများအတွက်လည်းပဲ များစွာအထောက်အကူ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒေသခံပြည်သူများဟာ သွားလာမှုခက်ခဲပြီး ခရီးမိုင်ပေါင်းများစွာဝေးကွာတဲ့ ဆေးရုံများသို့ ဆေးကုသရသော ဒုက္ခမှကင်းလွတ်ပြီး စရိတ်မတတ်နိုင်၍ ဆေးကုသခွင့် မရသော သူများမှလည်း ဆေးကုသမှုကို ခံယူနိုင်ကြမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နတ်ကြီးစင်ကျေးရွာအုပ်စု ဒေသခံပြည်သူများသည် နတ်ကြီးစင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ပေးပါရန် တောင်းခံနေကြပြီး အားကိုးတကြီးဖြင့် မျှော်လင့်တောင်းတလျက်ရှိပါတဲ့အတွက် ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ (က) နတ်ကြီးစင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/ မရှိ။ (ခ) ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်မှာ ဖွင့်လှစ်ပေးမည်နည်း။ (ဂ) မဖွင့်လှစ်ပေးပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မင်းတပ်မြို့နယ် ဝေးလောင်းကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံများ ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘတ်ဂျက်အသစ်တွင် ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရိုန်းဘွေ က မင်းတပ်မြို့နယ် ဝေးလောင်းကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံများ ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘတ်ဂျက်အသစ်တွင် ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးဟာရိုန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရိုန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ဝေးလောင်းကျန်းမာရေးဌာန အဆောက်အအုံ ဆောက်လုပ်နိုင်ရန် နိုင်ငံတော်မှ ဘတ်ဂျက်အသစ် ပြန်လည်ချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ တိုက်နယ်အမှတ်(၁၄)ရှိ ကျေးရွာအုပ်စု(၄)အုပ်စု၊ ကျေးရွာပေါင်း(၁၂)ရွာရှိ ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်နှင့် မြို့နှင့် မိုင်(၉၀)ကျော် အဝေးဆုံးဒေသတွင် တည်ရှိသည့် တိုက်နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်မှ ဦးစားပေးအစီအစဉ်ဖြင့် ဝေးလောင်းကျေးရွာ ကျန်းမာရေးဌာနရှိ ပျက်စီးယိုယွင်းနေပြီဖြစ်တဲ့ အဆောက်အအုံများအတွက် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်မှာ သိန်း(၁၂၀၀)ချထားပေးသော်လည်း ကားလမ်းမပေါက်တဲ့အတွက်ကြောင့်မိုလို့ ဆောက်လုပ်မယ့်ကုမ္ပဏီများမှလည်း ဆောက်လုပ်ပေးနိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့် ဝေးလောင်းကျန်းမာရေးဌာန ဆောက်လုပ်ပေးရန် ခွင့်ပြုငွေသားကို ကားလမ်းပေါက်ပြီးဖြစ်တဲ့ ရိုကျေးလက်ကျန်းမာရေးဌာနကို ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ လွှဲပြောင်းကြောင်း သိရှိရပါတယ်။ ရိုကျေးရွာမှာ ကျန်းမာရေးဌာနကို အခုကုမ္ပဏီက စတင်ဆောက်လုပ်နေတာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအချိန်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ မင်းတပ်၊ မတူပီ ပြည်ထောင်စုလမ်းမကြီး(၆၈)မိုင်မှ ဝေးလောင်းရွာသို့(၁၅)မိုင်ကားလမ်းကို ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက် နေ့မှာ (၁၈)ပေအကျယ် ကားလမ်းမကြီးကို စက်ယန္တရားများနဲ့ အောင်မြင်စွာဖောက်လုပ်နိုင်ပြီဖြစ်တဲ့အတွက်ကြောင့် လာမယ့် ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှသော်လည်းကောင်း၊ ဒါမှမဟုတ် ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ ဒီဝေးလောင်းကျန်းမာရေးဌာန အဆောက်အဦ ဆောက်လုပ်နိုင်ဖို့အတွက် ပြန်လည်ချထားပေးနိုင်ရန် ဒေသခံပြည်သူများမှ လိုလားလျက်ရှိကြပါတယ်။ ဒါကြောင့် ကျွန်တော် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ (က) မင်းတပ်မြို့နယ်၊ ဝေးလောင်းကျေးလက် ကျန်းမာရေးဌာန အဆောက်အဦများ ဆောက်လုပ်ရန် ဘတ်ဂျက်ချထားပေးခဲ့သော်လည်း ကားလမ်းမပေါက်၍

ပယ်ဖျက်လွဲပြောင်းပေးခဲ့သော ဝေးလောင်းကျန်းမာရေးဌာန အဆောက်အဦအတွက် ယခုကားလမ်း (၁၈)ပေအကျယ် စက်ယန္တရားများဖြင့် ဖောက်လုပ်ပြီးစီးပြီဖြစ်၍ လာမယ့်ဘတ်ဂျက်တွင် ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံကျေးလက်နေ ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၆။**

**ဒေါက်တာသန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးတင်ဝင်း၏ မေးခွန်းကို ပြန်လည်ရှင်းလင်း တင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ဆင်မတောင်ကျေးရွာနှင့် မွှန်းညောင်ပင်သာ ကျေးရွာနှစ်ရွာကို တိုက်နယ်ဆေးရုံ(၂)ရုံတို့ကို ဒေသလိုအပ်ချက်အရ ဦးစားပေး အစီအစဉ်များဖြင့် အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုပါရန် တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှူးမှ အဆိုပြု တင်ပြထားပြီးဖြစ်ပါ၍ တင်ပြပါ တိုက်နယ်ဆေးရုံများဖွင့်လှစ်နိုင်ရန် အတွက် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ဇောင်ချမ်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်ရန်အတွက် ယခုဘဏ္ဍာနှစ်အတွင်းမှာ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တစ်ဦးဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ အမှတ်(၅)မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန်၏ မေးခွန်းအား ရှင်းလင်းတင်ပြသွားပါမယ်။ ဦးမောင်စိန်၏ မေးခွန်းဖြစ်တဲ့ နတ်စင်ကြီးကျေးရွာဟာ ရေဖြူမြို့နယ်၊ ရာဖူးကျေးလက် ကျန်းမာရေးဌာန၏ စောင့်ရှောက်မှုအောက်တွင်ရှိပါတယ်။ တင်ပြပါ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်တွင် ရာဖူးကျေးရွာ ကျန်းမာရေးဌာန အောက်ရှိ အလယ်စခန်း၊ မင်းသား၊ နတ်ကြီးစင်၊ မရမ်းချောင်း ကျေးလက်ကျန်းမာရေး ဌာနခွဲ (၄)ခုရှိရာ ထိုတင်ပြပါ(၄)ခုလုံးအား ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နတ်ကြီးစင်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပြီးဖြစ်သလို သားဖွားဆရာမ တစ်ဦးလည်း တာဝန်ပေးခန့်အပ်ထားပြီး ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ အမှတ်(၈)မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ၏ မေးခွန်းအား ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။ တင်ပြပါ ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းဖြစ်တဲ့ ဝေးလောင်းကျေးလက်ကျန်းမာရေးဌာနကို ဘတ်ဂျက်အသစ် ပြန်လည်ချထားပေးရန် မေးခွန်းနှင့် ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လျာထားချက်တွင် ပါဝင်ခဲ့ခြင်းမရှိပါသဖြင့် လတ်တလော ဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေဖြင့် ဒေသန္တရစီမံကိန်းများတွင်ပါဝင်အောင် ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွား ကောင်စီ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဒေါက်တာသန်းအောင်၊ ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာ အပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်ထောင်စုအစိုးရကိုယ်စား ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျင့်သုံးဆောင်ရွက်နေသော သူနာပြုနှင့်သားဖွား ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံတွင် အဆိုတင်သွင်းမည်ဖြစ်ပါတယ်။ တည်ဆဲ ဥပဒေပါ ပြဋ္ဌာန်းချက်များဟာ ၁၉၉၀ပြည့်နှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တာဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် ထပ်မံပြင်ဆင်ဖြည့်စွက်ခဲ့ပါတယ်။ လက်ရှိအချိန်အခါ ခေတ်ကာလနှင့် ဆီလျော်ကိုက်ညီမှု မရှိတော့သည့်အတွက် ခေတ်ကာလနှင့် လိုက်လျောညီထွေမှု ရှိစေရန် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဆွေးနွေး စဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစား ရန် အဆိုတင်သွင်းခြင်း အပေါ် ကျွန်တော်ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၁)က ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီဥပဒေကြမ်းကို လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၁၆-၉-၂၀၁၄ (အင်္ဂါနေ့) ထက်နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၅-၆-၂၀၁၄ ရက်နေ့ တွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌက အဆိုတင်သွင်းပြီး ၂၄-၆-၂၀၁၄ ရက် နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၁၆-၉-၂၀၁၄ ရက် (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော မြန်မာ့ သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း က မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၄-၁၁-၂၀၁၃ ရက်နေ့တွင် အဆိုတင်သွင်းပြီး ၂၆-၃-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက် ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၁၆-၉-၂၀၁၄ ရက် (အင်္ဂါနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]